# ပြည်ထောင်စုလွှတ်တော်ရုံး
# ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုလွှတ်တော်ရုံးတွင် လစ်လပ်လျက်ရှိသော အငယ်တန်းစာရေးရာထူး (လစာနှုန်း ကျပ် ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ၂၂ နေရာအတွက် အောက်ပါသတ်မှတ်ချက်နှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) တက္ကသိုလ်တစ်ခုခုမှ အနည်းဆုံးဘွဲ့တစ်ခုခုရရှိထားသူ ဖြစ်ရမည် (ဥပဒေ/ စီးပွားရေး/ နိုင်ငံတကာဆက်ဆံရေး/ အင်္ဂလိပ်စာ/ ကွန်ပျူတာဘွဲ့ ရရှိသူများ ဦးစားပေးမည်)၊

(ဂ) ကွန်ပျူတာအခြေခံတတ်ကျွမ်းရမည်၊

(ဃ) ၁၀-၂-၂၀၁၉ ရက်တွင် (၂၅)နှစ်ထက် မကျော်စေရ၊

(င) မဟာဘွဲ့နှင့်အထက် ရရှိသူများအတွက် ၁၀-၂-၂၀၁၉ ရက်နေ့တွင် (၃၀)နှစ်ထက် မကျော်စေရ၊

(စ) မဟာဘွဲ့နှင့်အထက် ရရှိသူများအား ခန့်ထားခြင်းခံရပါက တစ်ဆင့်မြင့် ရာထူး တိုးမြှင့်ရေးအတွက် ခွင့်ချက်ဖြင့် စဉ်းစားပေးမည်၊

(ဆ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်၊

၂။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များကို ဖော်ပြ၍ ကိုယ်တိုင်လက်မှတ်ရေးထိုး လျှောက်ထားရမည် -

(က) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

(ခ) မွေးနေ့သက္ကရာဇ်(အသက်)၊

(ဂ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ၊

(ဃ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊

(င) အိမ်ထောင်ရှိ/မရှိ၊ အိမ်ထောင်ရှိလျှင် ဇနီး/ခင်ပွန်း၏အမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာဖော်ပြရန်၊

(စ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏အလုပ်အကိုင်၊

(ဆ) ဆက်သွယ်ရန်နေရပ်လိပ်စာ၊ ဖုန်းနံပါတ်၊

၃။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ ပူးတွဲပါရှိရမည်-

(က) တစ်လအတွင်း ရိုက်ထားသော ပတ်စပို့ဓါတ်ပုံနှစ်ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)၊

(ခ) ဘွဲ့လက်မှတ်(သို့မဟုတ်) သက်ဆိုင်ရာတက္ကသိုလ်၏ထောက်ခံချက်မိတ္တူ၊

(ဂ) အသက်အထောက်အထားအတွက်တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊

(ဃ) ကွန်ပျူတာအခြေခံအောင်လက်မှတ်မိတ္တူ၊

(င) (၆) လအတွင်းပြုလုပ်ထားသော အလုပ်သမား မှတ်ပုံတင်ကတ်ပြားမိတ္တူ၊

(စ) တစ်လအတွင်း ရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရပ်ကွက်နှင့်ရဲစခန်း၏ ထောက်ခံချက်မူရင်း၊

(ဆ) အနည်းဆုံး ၃ နှစ် တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိပြုဝန်ခံချက်၊

(ဇ) တစ်လအတွင်း ပြုလုပ်ထားသည့် ကျန်းမာရေးကောင်းမွန်ကြောင်းထောက်ခံချက်။

၄။ လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ရုံးအမှတ်(၂၀) နေပြည်တော်သို့ လိပ်မူ၍ ရုံးဖွင့်ရက်များတွင် ၀၉၀၀ နာရီမှ ၁၆၃၀ နာရီအတွင်း လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍ သော်လည်းကောင်း ၂၄-၁-၂၀၁၉ ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ ပေးပို့နိုင်သည်။

၅။ သတ်မှတ်ရက်ထက်နောက်ကျပေးပို့လာသောလျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့် မကိုက်ညီသူများအား ဖြေဆိုခွင့်ပြုမည် မဟုတ်ပါ။

၆။ ဖြေဆိုခွင့်ရရှိသူများစာရင်းကို ပြည်ထောင်စုလွှတ်တော် Website နှင့် Facebook page များတွင် ၂၈-၁-၂၀၁၉ ရက် (တနင်္လာနေ့) ညနေပိုင်းမှစ၍ ကြေညာမည်။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၁-၂-၂၀၁၉ ရက်(သောကြာနေ့)မှစ၍ ရုံးအမှတ်(၂၀) နေပြည်တော်၌ ရုံးချိန်အတွင်း ထုတ်ပေးမည်။

၈။ အရည်အချင်းစစ်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကို ၂-၂-၂၀၁၉ ရက် (စနေနေ့) နံနက် ၀၉၀၀ နာရီမှ ၁၂၀၀ နာရီအထိ ပြည်ထောင်စုလွှတ်တော်ရုံး၊ နေပြည်တော်၌ ဖြေဆိုရမည်။

၉။ အရည်အချင်းစစ်စာမေးပွဲအောင်မြင်သူများအား လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာလက်တွေ့စစ်ဆေးခြင်းကို နှစ်သုတ်ခွဲ၍ ၉-၂-၂၀၁၉ ရက်(စနေနေ့)နှင့် ၁၀-၂-၂၀၁၉ ရက်(တနင်္ဂနွေနေ့)များတွင် နံနက် ၀၉၀၀ နာရီမှစ၍ ဆောင်ရွက်မည်။ လူတွေ့စစ်ဆေးချိန်တွင် အပိုဒ် ၃ ပါ စာရွက်စာတမ်းမူရင်းများတင်ပြရမည်။

၁၀။ အသေးစိတ်သိလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ စီမံရေးဌာနကြီး ၀၆၇-၅၉၁၀၁၈၉ နှင့် ၀၆၇-၅၉၁၂၉၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပြီး ပြည်ထောင်စုလွှတ်တော် website:www.pyidaungsu.hluttaw.mmနှင့် Facebook page:myanmarunionparliament တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။